


**VOLUME IV, ISSUE 29** 4 December 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၇ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၉ |
| ၄ | မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး လက်ခံတွေ့ဆုံ | ၁၃ |
| ၅ | မြန်မာ-ရုရှား နှစ်နိုင်ငံပူးပေါင်း၍ "Aquarius Day" ဖိုရမ် ကျင်းပ | ၁၄ |
| ၆ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ | ၁၆ |
| ၇ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ၂၀၂၃ ခုနှစ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက် | ၁၈ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် "အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေးနှင့် သာယာဝပြောမှုမျှဝေရေးဖိုရမ်" တက်ရောက် | ၂၀ |
| ၉ | မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးတက်ရောက် | ၂၁ |
| ၁၀ | ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပပြုလုပ် | ၂၂ |
| ၁၁ | မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် | ၂၄ |
| ၁၂ | တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေ)မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ပြီး ပြန်လည်ထွက်ခွာ | ၂၇ |
| ၁၃ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ | ၂၉ |
| ၁၄ | တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း အစီအစဉ် စတုတ္ထအကြိမ်အဖြစ် အိန္ဒိယနိုင်ငံသို့ သင်တန်းသား ၄၀ စေလွှတ် | ၃၀ |
| ၁၅ | နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ် | ၃၁ |
| ၁၆ | ရေစကြိုမြို့နယ်၊ ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ဆင်မရဲ) မှ အထက်တန်းပြဆရာမတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ် | ၃၂ |
| ၁၇ | AA အကြမ်းဖက်အဖွဲ့က မြောက်ဦးမြို့နယ်အတွင်းရှိ ရုံး/ဌာနပိုင် မော်တော်ယာဉ်များအား အတင်းအဓမ္မလာရောက်ယူဆောင် | ၃၃ |
| ၁၈ | အကြမ်းဖက်သမားများက ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ | ၃၄ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃) ကို နိုဝင်ဘာလ ၂၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- KIA အဖွဲ့အနေဖြင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် ငြိမ်းချမ်းရေးကို အကြောင်းပြ၍ မူးယစ်ဆေးဝါးများရောင်းဝယ်ခြင်း၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများအား တစ်ဖက်နိုင်ငံသို့ တရားမဝင် ပို့ဆောင်ခြင်းများပြုလုပ်၍ အင်အားတိုးချဲ့ခြင်း၊ လိုင်ဇာ၊ လိုင်စင်ပို့(စ်)တို့၌လည်း လက်နက်ခဲယမ်း စက်ရုံများတည်ဆောက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးအခြေအနေအရ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အစွန်းရောက်သည့်လူငယ်များကို KIA စခန်းများ၌ စစ်ရေးလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊ တပ်များဖွဲ့စည်းပေးခြင်းနှင့် လက်နက်ခဲယမ်းများတပ်ဆင်ပေးခြင်းများကို အသစ်ဖွဲ့စည်းသည့် KIA တပ်မဟာ (၈) က အဓိကဆောင်ရွက်ခဲ့ကြောင်း။
- ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင် တပ်မတော်နှင့် MNDAA ပူးပေါင်းအဖွဲ့များ တိုက်ပွဲဖြစ်ပွားနေချိန်၌ KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ တပ်မတော်စခန်းငယ်တစ်ခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် လက်တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရကြောင်း။
- စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသာမက AA အဖွဲ့များပါ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထီးချိုင့်၊ ကန့်ဘလူ၊ ကောလင်း၊ တမူး၊ ခမ်းပတ်မြို့များကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ လိုင်လင်းပီမြို့များကိုလည်း ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။



- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ဒေသအတွင်းရှိ တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ရာတွင် TNLA ၊ KIA ၊ AA အဖွဲ့တို့အပြင် စုစည်းထားသည့် အခြားတပ်ဖွဲ့များမှ ကိုးကန့်များ၊ ပြည်ပမှ Drone ပညာရှင်များ စုစုပေါင်း အင်အား ၆၅၀၀ ခန့် ပါဝင်ခဲ့သည်ကိုတွေ့ရှိရကြောင်း။

- အဓိကအားဖြင့် Drone ကြီးများသုံး၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင်လည်း နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အဓိကနေရာဖြစ်သည့် မူဆယ်ကိုလည်း လာရောက်တိုက်ခိုက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

- TNLA အဖွဲ့အနေဖြင့် မန္တလေး-လားရှိုးလမ်းကြောင်းကို ဖြတ်တောက်တိုက်ခိုက်နေခြင်းဖြစ်ပြီး အဓိကအားဖြင့် လားရှိုး-မူဆယ်-ချင်းရွှေဟော် ဆက်သွယ်သည့် လမ်းကြောင်းပေါ်မှ အဓိကကျသည့် သိန္နီမြို့မှ ပိတ်ဆို့တိုက်ခိုက်ခဲ့သည်ကိုတွေ့ရကြောင်း၊ MNDAA တိုက်ခိုက်သည့် ဖြစ်စဉ်များတွင် TNLA အဖွဲ့အနေဖြင့် ထပ်ဖြည့်တိုက်ခိုက်သည်ကိုတွေ့ရကြောင်း။

- TNLA အဖွဲ့သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများကို လက်နက်ခဲယမ်းများထောက်ပံ့ပေးခဲ့သည်ကို သိရှိရသဖြင့် ဝင်ရောက်ရှင်းလင်းစဉ် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ များစွာသိမ်းဆည်းရမိခဲ့ကြောင်း။

- ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များကို သုံးသပ်ကြည့်မည်ဆိုပါက သာလွန်အင်အားများစုစည်းခြင်းနှင့် နည်းပညာသာလွန်မှုကို အသုံးချ၍ စစ်သုံးအဆင့် Drone များဖြင့် Drop Bomb များအသုံးပြုတိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

- ၎င်းတို့အနေဖြင့် Drop Bomb အသုံးပြုမှုမှာ ယခုအချိန်အထိ အလုံးပေါင်း ၂၅,၀၀၀ ကျော်ခန့်အသုံးပြုခဲ့သကဲ့သို့ ၁၀၇ မီလီမီတာ လျှော့တိုက်ဒုံး အလုံး ၁၂၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို သိရှိရကြောင်း။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်ဒေသတွင် ယခုကဲ့သို့ ရှုပ်ထွေးမှုများ ဖြစ်လာခဲ့ခြင်းမှာ ကျားဖျန့်ဟုခေါ်သည့် အွန်လိုင်းလောင်းကစားများမှတစ်ဆင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း။

- AA အဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် KIA နယ်မြေတွင်စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

- AA အဖွဲ့အနေဖြင့် လူသစ်စုခြင်း၊ ပြန်ပေးဆွဲခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် တပ်စခန်း

များ တိုးချဲ့ဆောက်လုပ်လာခြင်းကြောင့် မိမိတို့အနေဖြင့် အကြိမ်ကြိမ် သတိပေးဆောင်ရွက်ခဲ့ရကြောင်း။

- မိုခါမုန်တိုင်းဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများသို့ မိမိကိုယ်တိုင်သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ကြောင်း။
- သို့သော် AA အဖွဲ့အနေဖြင့် သစ္စာမရှိဘဲ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်၍ MNDAA အဖွဲ့နှင့်ဖြစ်ပွားသည့် ဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း။
- AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ အချို့ဒေသများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ဖမ်းဆီးခြင်း၊ ဝန်ထမ်းများဖမ်းဆီးခြင်းတို့ကို ပြုလုပ်ခဲ့သကဲ့သို့ မော်တော်ယာဉ်ယာဉ်မောင်းများကို ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း။
- KNPP/KNDF အဖွဲ့အနေဖြင့် နိုဝင်ဘာလ ၁၁ ရက်မှစတင်ပြီး ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်တွင် ၎င်းတို့အတွက် ကြိုတင်စုဆောင်းသည့် လက်နက်အလက် ၅၀၀ နှင့်ခဲယမ်းများကို ဟိုပုံးမြို့နယ်အတွင်းဖမ်းဆီးရမိခဲ့သည်ကို သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း။
- အလားတူ နိုဝင်ဘာလ ၁၆ ရက်နေ့ကလည်း လက်နက်မျိုးစုံ ၁၃၀ လက်၊ ကျည်မျိုးစုံ ၁၃၀၀၀ ကျော်၊ လက်ပစ်ဗုံး ၇၆၀၀ ကျော်၊ လက်နက်ငယ်ပြောင်းပို ၅၀၀ ချောင်းနှင့် အခြားခဲယမ်းများကို ဖမ်းဆီးရမိခဲ့ကြောင်း။
- ပြီးခဲ့သည့် နိုဝင်ဘာလ ၂၄ ရက်တွင် KNLA တပ်မဟာ ၅ အနေဖြင့် တပ်မတော်တပ်စခန်းတစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တပ်မဟာ ၆ အနေဖြင့် နိုဝင်ဘာလ ၂၇ ရက်တွင် ကျိုက်မရောမြို့နယ်ရှိ ချောင်းနှစ်ခွတံတားကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို တွေ့ရကြောင်း။
- ယင်းတို့ကို ကြည့်မည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ နောက်ကွယ်တွင် အင်အားစုစည်းတည်ဆောက်ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ အပြိုင်အဆိုင်တည်ဆောက်ထုတ်လုပ်ခြင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်တန်းပေးခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ ရောင်းချပေးခြင်းစသည်တို့ကို လုပ်ဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း။
- မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် သွားနေသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီကို ပြည်သူကတောင်းဆိုတဲ့အတွက်ကြောင့် တပ်မတော်က ဦးဆောင်ပြီး ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း။
- ပါတီစုံဒီမိုကရေစီစနစ်ကို အခိုင်အမာအထောက်အကူပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီးတော့မှ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် သွားခြင်းဖြစ်ကြောင်း။
- ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် ပြဿနာအနည်းအကျဉ်း ရှိတာလွဲလို့ ကြီးကြီးမားမား ဘာတစ်ခုမှမဖြစ်ခဲ့ကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲတွင်သာ ရပ်ပျက်ဆင်းပျက် မဲမသမာမှုတွေ ပြုလုပ်ခဲ့ခြင်းမှာ ပေါ်လွင်ခဲ့ကြောင်း။
- မရိုးသား၊ မသန့်စင်သည့် မဲရလဒ်များဖြင့် အာဏာရရန် အဓမ္မကြိုးစားလာတဲ့အတွက်ကြောင့် တပ်မတော်အနေဖြင့် (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်ချမှတ်ပြီး ဆောင်ရွက်ခဲ့ရကြောင်း။
- ကယားပြည်နယ်တွင်ဖြစ်ခဲ့သည့် ဖြစ်စဉ်များအနက် လွိုင်ကော်တက္ကသိုလ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များကို အတင်း

အစမှ ဖမ်းဆီးခေါ်ဆောင်ခြင်းများကို အကြမ်းဖက်သမားများအနေဖြင့် ကျူးလွန်ခဲ့ကြကြောင်း။

- တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း စစ်ရေးနှင့်မသက်ဆိုင်သည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းပါ အချက်များကို ချိုးဖောက်လျက်ရှိသဖြင့် လုံးဝလက်သင့်ခံ၍ မရကြောင်း။

- ထိုကဲ့သို့သော KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏လုပ်ရပ်ကြောင့် လွိုင်ကော်တက္ကသိုလ်တွင် ဖြေဆိုမည့်အဝေးသင်တက္ကသိုလ် စာမေးပွဲများ ဖျက်သိမ်းခဲ့ရပြီး စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများအနေဖြင့် ထိခိုက်နစ်နာခဲ့ကြရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ထိခိုက်ခဲ့ရကြောင်း။

- စက်သုံးဆီနှင့်ပတ်သက်၍ သတ်မှတ်ဈေးနှုန်းထက် မတန်တဆ အမြတ်ယူရောင်းချခဲ့သည့် ကုမ္ပဏီ ၈ ခုနှင့် သာမန်အားဖြင့် ထိုက်သင့်သည့်နှုန်းများထက် အမြတ်တင်၍ ရောင်းချခဲ့သည့် ကုမ္ပဏီများကို စည်းမျဉ်းဥပဒေနှင့်အညီ အရေးယူခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

- စားသုံးဆီနှင့်ပတ်သက်၍ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး စည်းမျဉ်းချိုးဖောက်သူများကို ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

- ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေသည် ပို့ကုန် (Export) ထက် သွင်းကုန် (Import) က ပိုမိုများပြားနေသဖြင့် လိုငွေပြနေခြင်းဖြစ်ကြောင်း၊ ပို့ကုန် (Export) နည်းပါးခြင်းသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ကြောင့်မဟုတ်ဘဲ အလုပ်မလုပ်သည့်အတွက်သာဖြစ်ကြောင်း။

- မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် GDP နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ GDP သည် အလုပ်လုပ်မှ တိုးတက်မည်ဖြစ်ကြောင်း၊ မိမိမကြာခဏ ပြောသကဲ့သို့ပင် ထုတ်ကုန်ပစ္စည်းမရှိဘဲ ရောင်းကုန်ပစ္စည်းရမည်မဟုတ်ကြောင်း၊ ရောင်းကုန်ပစ္စည်းရမှသာလျှင် ဝင်ငွေရနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးရမည်ဖြစ်ကြောင်း။

- သတင်းအတုများနှင့်ပတ်သက်၍ မဟုတ်မမှန်ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မဖြစ်နိုင်ဖွယ် သတင်းမှား၊ သတင်းအတုများဖြစ်သော်လည်း ပြည်သူလူထုကို အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေလျက်ရှိသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်တုံ့ပြန် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကာ ပြည်သူလူထုများ သတင်းအမှန်ကို သိရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကောင်စီဝင်များက လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများ ပပျောက်စေရေးအတွက် သတင်းအချက်အလက်များ မှန်ကန်စွာရရှိရေးအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များ၊ ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းနှင့် သတ္တုသယံဇာတများအား တိုင်းရင်းသားလက်နက်ကိုင်များမှ တရားမဝင်တူးဖော်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ကယားပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိမှု၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ဖြစ်ရပ်မှန်များကို တိုင်းရင်းသားပြည်သူများအားလုံး သိရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်မှု၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပအင်အားကြီးအနောက်အုပ်စုနိုင်ငံအချို့မှ ဝင်ရောက်စွက်ဖက်လျက်ရှိမှုနှင့် အခြားကိစ္စရပ်များကို အသီးသီးတင်ပြခဲ့ကြပါသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က-

- မိုးသီးနှံစိုက်ပျိုးပြီးချိန်၌ ပြောင်းသီးနှံနှင့် နေကြာသီးနှံတို့ကို စိုက်ပျိုးပါက အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း၊ ထို့အတူ ကော်ဖီစိုက်ပျိုးရေးကို အားပေးရန်လိုကြောင်း။

- ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့် ဒေသသုံးခု ရှိကြောင်း၊ ယင်းတို့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ပြဿနာများကြောင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ တက္ကသိုလ်များ ပိတ်ထားခဲ့ရပြီး ပညာရေးတွင် နောက်ကျကျန်ခဲ့ကြောင်း။

- ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ဦးဆောင်၍ သွားမည်၊ ပြည်သူကလည်း လိုချင်သည့်အတွက် ပြည်သူနှင့်တစ်သားတည်းဖြစ်မည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်ဟူသည့် ဦးတည်ချက်များကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဦးဆောင်ပြီးခိုင်ခိုင်မာမာ တည်ဆောက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၁-၂၀၂၃)**

- စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အခွန်ရှောင်နေသူများစွာရှိကြောင်း၊ အခွန်အကောက်နှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ရရှိရေးသည် အရေးကြီးကြောင်း။

- ကောလာဟလသတင်းများကြောင့် ဘဏ်များမှ ငွေပြန်လည်ထုတ်ယူသူများ ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မရှိတော့ပါကြောင်း၊ ဘဏ်လုံခြုံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဖြစ်စဉ်များကို ပြန်ကြည့်ပါက ဘဏ်ဝန်ထမ်းများသည် အဖျက်အမှောင့် လုပ်ငန်းများတွင် ပါဝင်နေသည်ကိုတွေ့ရကြောင်း။

- PDF အမည်ခံအကြမ်းဖက်သမားများသည် ငွေရလွယ်သည့် ဘဏ်များကို အဓိကထားတိုက်ခိုက်လာကြသည်ကို တွေ့ရကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်က ကောလင်းမြို့ရှိ ပုဂ္ဂလိကဘဏ်တစ်ခုအား PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံဘဏ်ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေများလုယူခဲ့ရာ ဘီလီယံ ၄၀ ကျော် ဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း။

- ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံအတွင်း၌ အရင်းအနှီးရှိသူများအနေဖြင့် ထိုငွေများကို တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

- စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောင်းနှင့် နေကြာကိုပိုမိုစိုက်ပျိုးပေးနိုင်မည့် အခြေအနေကို တွေ့ရကြောင်း၊ ပြီးခဲ့သည့်နှစ်က မိုးစပါးစိုက်ပြီး အခြားသီးနှံစိုက်သည့် သီးထပ်စွမ်းအား အလွန်နည်းသည်ကိုတွေ့ရကြောင်း။

- **စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် KIA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသာမက AA အဖွဲ့များပါပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထီးချိုင့်၊ ကန့်ဘလူ၊ ကောလင်း၊ တမူး၊ ခမ်းပတ်မြို့များကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ လိုင်လင်းပီ မြို့များကိုလည်း ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည်ကို တွေ့ရ။**

- **ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ဒေသအတွင်းရှိ တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ရာတွင် TNLA ၊ KIA ၊ AA အဖွဲ့တို့အပြင် စုစည်းထားသည့် အခြားတပ်ဖွဲ့များမှ ကိုးကန့်များ၊ ပြည်ပမှ Drone ပညာရှင်များ စုစုပေါင်းအင်အား ၆,၅၀၀ ခန့် ပါဝင်ခဲ့သည်ကို တွေ့ရှိရ။**

- ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကိုသုံးသပ် ကြည့်မည်ဆိုပါက သာလွန်အင်အားများစုစည်းခြင်းနှင့် နည်းပညာသာလွန်မှုကို အသုံးချ၍ စစ်သုံးအဆင့် Drone များဖြင့် Drop Bomb များအသုံးပြုတိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရ၊ Drop Bomb အသုံးပြုမှုမှာ ယခုအချိန်အထိ အလုံးပေါင်း ၂၅,၀၀၀ ကျော်ခန့်အသုံးပြုခဲ့သကဲ့သို့ ၁၀၇ မီလီမီတာ လျှော့တိုက်ဒုံး အလုံး ၁၂၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကိုသိရှိရ။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်ဒေသတွင် ယခုကဲ့သို့ ရှုပ်ထွေးမှုများ ဖြစ်လာခဲ့ခြင်းမှာ ကျားဖျန့်ဟုခေါ်သည့် အွန်လိုင်းလောင်းကစားများမှတစ်ဆင့် ပေါ်ပေါက်လာခြင်းဖြစ်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ နောက်ကွယ်တွင် အင်အားစုစည်းတည်ဆောက်ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ အပြိုင်အဆိုင်တည်ဆောက်ထုတ်လုပ်ခြင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်တန်းပေးခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ ရောင်းချပေးခြင်းစသည်တို့ကို လုပ်ဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်လျက်ရှိသည်ကို တွေ့မြင်ရ။
- ၂၀၂၀ ရွေးကောက်ပွဲတွင် ရုပ်ပျက်ဆင်းပျက် မဲမသမာမှုတွေ ပြုလုပ်ခဲ့ခြင်းမှာ ပေါ်လွင်ခဲ့၊ မရိုးသား၊ မသန့်စင်သည့် မဲရလဒ်များဖြင့် အာဏာရရန် အဓမ္မကြိုးစားလာတဲ့အတွက်ကြောင့် တပ်မတော်အနေဖြင့် (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ပြီးဆောင်ရွက်ခဲ့ရ။
- ကယားပြည်နယ်တွင်ဖြစ်ခဲ့သည့် ဖြစ်စဉ်များအနက် လွိုင်ကော်တက္ကသိုလ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်းများကို အကြမ်းဖက်သမားများအနေဖြင့် ကျူးလွန်ခဲ့။
- ထိုကဲ့သို့သော KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် လွိုင်ကော်တက္ကသိုလ်တွင် ဖြေဆိုမည့်အဝေးသင်တက္ကသိုလ် စာမေးပွဲများ ဖျက်သိမ်းခဲ့ရပြီး စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများအနေဖြင့် ထိခိုက်နစ်နာခဲ့ကြရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ထိခိုက်ခဲ့ရ။
- စက်သုံးဆီနှင့်ပတ်သက်၍ သတ်မှတ်ဈေးနှုန်းထက် မတန်တဆ အမြတ်ယူရောင်းချခဲ့သည့် ကုမ္ပဏီ ၈ ခုနှင့် သာမန်အားဖြင့် ထိုက်သင့်သည့်နှုန်းများထက် အမြတ်တင်၍ ရောင်းချခဲ့သည့် ကုမ္ပဏီများကို စည်းမျဉ်းဥပဒေနှင့်အညီ အရေးယူခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်။
- ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ဦးဆောင်၍သွားမည်၊ ပြည်သူကလည်း လိုချင်သည့်အတွက် ပြည်သူနှင့်တစ်သားတည်းဖြစ်မည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်ဟူသည့် ဦးတည်ချက်များကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်၊ တပ်မတော်အနေဖြင့် ဦးဆောင်ပြီးခိုင်ခိုင်မာမာတည်ဆောက်သွားမည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၃၀ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့ရာတွင်-

- ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း။

- ဥပဒေတွင်ပါရှိသည့် သုံးငွေများအပြင် မဖြစ်မနေ ထပ်မံသုံးစွဲရန် လိုအပ်သည့် အသုံးစရိတ်များလည်းရှိနိုင်သောကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆင့်ဆင့်စိစစ်ရခြင်းဖြစ်ပြီး တောင်းခံထားသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲသွားရမည်ဖြစ်ကြောင်း။

- ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေး အသုံးစရိတ်များအပါအဝင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးရမှုများအတွက် အသုံးစရိတ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ သင့်လျော်မည့် အသုံးစရိတ်များကို ခွင့်ပြုပေးလျက်ရှိကြောင်း။

- နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးကို အထောက်အကူပြုစေနိုင်ရန် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ အပိုထောက်ပံ့ကြေးခံစားနိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း။




- ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း အခြေအနေကိုကြည့်ပါက တစ်နိုင်ငံလုံး၏ ဂျီဒီပီတန်ဖိုးသည် ငွေကျပ်ဘီလီယံပေါင်း ၁၃၈,၁၉၅ ဒသမ ၇၀၃ ဖြစ်သည်ကို တွေ့ရှိရကြောင်း။

- သာမန်ငွေလုံးငွေရင်း ကြွေးမြီများနှင့်ပတ်သက်သည့် ပိုငွေ၊ လိုငွေ နှိုင်းယှဉ်ချက်အနေဖြင့် ဂျီဒီပီနှင့် လိုငွေနှိုင်းယှဉ်ချက်သည် ပမာဏအားဖြင့် ၅ ဒသမ ၆၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့အဆင့်ဆင့်က စစ်ဆေးပြီးသည့်အခါ နောက်ဆုံးအနေဖြင့် ကျန်ရှိသည်မှာ ဂျီဒီပီပြောင်းလဲမှုမရှိသော်လည်း လိုငွေနှင့် ဂျီဒီပီအချိုးသည် ၅ ဒသမ ၆၅ မှ ၅ ဒသမ ၃၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

- ဝန်ကြီးဌာနအလိုက် ကော်မတီများက အဆင့်ဆင့်စိစစ်ပြီးသည့် အချက်အလက်များအပေါ် ထပ်မံတင်ပြလိုသည်များရှိပါက ယနေ့အစည်းအဝေးတွင် တင်ပြပေးရန်နှင့် လျှော့ချနိုင်သည့် ငွေပမာဏအသုံးစရိတ်များရှိပါကလည်း ဆက်လက်တင်ပြပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၂-၂၀၂၃)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော ရှင်းလင်းပြောကြားနေမှု



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြနေမှု

- ဥပဒေတွင်ပါရှိသည့် သုံးငွေများအပြင် မဖြစ်မနေထပ်မံသုံးစွဲရန်လိုအပ်သည့် အသုံးစရိတ်များလည်း ရှိနိုင်သောကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆင့်ဆင့်စိစစ်ရခြင်းဖြစ်ပြီး တောင်းခံထားသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲသွားရမည်ဖြစ်။
- နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးကို အထောက်အကူပြုစေနိုင်ရန် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ အပိုထောက်ပံ့ကြေးခံစားနိုင်ရန် ခွင့်ပြုပေးခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၂ (MICC-II) ၌ ကျင်းပခဲ့ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်အနေဖြင့် **“United in action to rescue and**






**achieve the SDGs for, with and by persons with disabilities” “စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”** ပင်ဖြစ်ကြောင်း။

- မသန်စွမ်းသူ ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့စွမ်းဆောင်ရည်ရှိသလောက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်စေရေးအတွက် အားလုံးအကျုံးဝင်ပညာရေး Inclusive Education ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနိုင်ရေး၊ ဘဝသက်တမ်းတစ်လျှောက် သင်ယူလေ့လာနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

- မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဖြစ်ကြပြီး အလုပ်လုပ်ရန်ဆန္ဒရှိ၊ စွမ်းဆောင်ရည်ရှိကြသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်ကြသည့်အတွက် အလုပ်ရရှိရန်၊ အလုပ်လုပ်ကိုင်နိုင်ရန် အခက်အခဲရှိသူများဖြစ်ကြသည်ကို လေ့လာသိရှိရပါကြောင်း။

- မသန်စွမ်းသူများအနေဖြင့် သင့်တော်သည့် အလုပ်အကိုင်ရရှိရေး၊ အတားအဆီးကင်းသည့် လုပ်ငန်းခွင်ဖြစ်ပေါ်ရေး၊ အခြားသူများနှင့်တန်းတူ ကိုယ်ပိုင်ဝင်ငွေနှင့် ခံစားခွင့်များရရှိရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများကိုယ်တိုင် အလုပ်လုပ်လိုစိတ် ဖြစ်ပေါ်လာစေရေးအတွက် မိမိကိုယ်ကိုယုံကြည်မှုနှင့် အရည်အသွေးကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

- အများပြည်သူသုံးယာဉ်များကို မသန်စွမ်းသူများ အသုံးပြုနိုင်ရေးဆောင်ရွက်ခြင်း၊ အများပြည်သူနှင့်ဆိုင်သည့်နေရာ၊ အဆောက်အဦများကို အတားအဆီးကင်းမဲ့စွာ သွားလာနိုင်စေရေး Barrier Free ဖြစ်စေရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်းတို့နှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သွားလာနေထိုင် ပါဝင်ဆောင်ရွက်နိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

- ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ဆောင်ပုဒ်ဖြစ်သည့် **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”** နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ Sustainable Development Goals ရရှိစေရေး ဦးတည်ဆောင်ရွက်ကြရာတွင် မသန်စွမ်းမှုကို အကြောင်းပြုပြီး ချန်လှပ်ထားခဲ့ခြင်းမရှိစေဘဲ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေး Leaving no one behind မူကို လက်ကိုင်ထားပြီး မသန်စွမ်းသူများ၏ အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာစိုးဝင်းတို့က အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်နေမှု**




**ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အခြေခံပညာအထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်နေမှု**

အခမ်းအနားတွင် ဂုဏ်ပြုဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ နားမကြားသောကလေးများကျောင်း (မန္တလေး) မှ မသန်စွမ်းကလေးများက အီနောင်အကဖြင့်လည်းကောင်း၊ မသန်စွမ်းသက်ယဲသင်တန်းကျောင်း (ရန်ကုန်) မှ မသန်စွမ်းကလေးများက ဦးရွှေရိုးနှင့် ဒေါ်မိုးအကဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်းနှင့် သီးခြားအစီအစဉ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကပြဖျော်ဖြေခဲ့သည့် မသန်စွမ်းကလေးများအား ဆုတော်ငွေများ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၂-၂၀၂၃)**

- **မသန်စွမ်းသူ ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့စွမ်းဆောင်ရည်ရှိသလောက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်စေရေးအတွက် အားလုံးအကျုံးဝင်ပညာရေး Inclusive Education ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရေး၊ ဘဝသက်တမ်းတစ်လျှောက် သင်ယူလေ့လာနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်။**
- **မသန်စွမ်းသူများအနေဖြင့် သင့်တော်သည့် အလုပ်အကိုင်ရရှိရေး၊ အတားအဆီးကင်းသည့် လုပ်ငန်းခွင်ဖြစ်ပေါ် ရေး၊ အခြားသူများနှင့်တန်းတူ ကိုယ်ပိုင်ဝင်ငွေနှင့် ခံစားခွင့်များရရှိရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများ ကိုယ်တိုင်အလုပ်လုပ်လိုစိတ် ဖြစ်ပေါ်လာစေရေးအတွက် မိမိကိုယ်ကိုယ် ယုံကြည်မှုနှင့် အရည်အသွေးကို မြှင့်တင်ပေးကြရမည်ဖြစ်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နားမကြားသောကလေးများကျောင်း (မန္တလေး) မှ မသန်စွမ်းကလေးများ၏ အီနောင်အကဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုလေ့လာနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကပြဖျော်ဖြေခဲ့သည့် မသန်စွမ်းကလေးများအား ဆုတော်ငွေများ ဂုဏ်ပြုချီးမြှင့်ပေးအပ်နေမှု

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား နိုဝင်ဘာလ ၃၀ ရက်တွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၂-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ပြီး ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# မြန်မာ-ရုရှား နှစ်နိုင်ငံပူးပေါင်း၍ "Aquarius Day" ဖိုရမ် ကျင်းပ




မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ e-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် Aquarius နည်းပညာကုမ္ပဏီ၏ ထုတ်ကုန်များအား ပိုမိုနားလည်စေရန် ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် Aquarius နည်းပညာကုမ္ပဏီတို့ ပူးပေါင်း၍ "Aquarius Day" ဖိုရမ်ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

- ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ "Aquarius Day" ဖိုရမ်အခမ်းအနားကို မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် e-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကျင်း ပခြင်းဖြစ်ကြောင်း၊ ယနေ့ "Aquarius Day" ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံနည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပြုနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ်အတွက် အထောက်အပံ့ကောင်းများစွာရရှိနိုင်သဖြင့် အကျိုးရှိသော ဖိုရမ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့။

- မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် Aquarius ကုမ္ပဏီအပါအဝင် ရုရှား IT ကုမ္ပဏီများအနေဖြင့် နည်းပညာဖလှယ်မှုများ၊ IT Solution အတွေ့အကြုံများနှင့် ထုတ်ကုန်များအကြောင်းကို ပိုမိုနားလည်စေရန် ရည်ရွယ်ပြီး ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့်၊ Aquarius နည်းပညာကုမ္ပဏီဥက္ကဋ္ဌ Mr. Vladimir Stepanov က လွတ်လပ်၍ ရေရှည်တည်တံ့သော ရုရှား-မြန်မာ နိုင်ငံတကာ နည်းပညာပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်း ကောင်း ဆွေးနွေးခဲ့။

- ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာဗလာဒီမာစတပ် ပါနော့ဗ်




ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၁ ရက်တွင် လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

ဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ IT ပညာရှင် အရာထမ်းများနှင့် နှစ်နိုင်ငံ ပုဂ္ဂလိက နည်းပညာကုမ္ပဏီများမှ ကိုယ်စားလှယ်များစုစုပေါင်း (၄၀၀) ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁၂-၂၀၂၃)**

- **မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် Aquarius နည်းပညာကုမ္ပဏီ၏ ထုတ်ကုန်များအား ပိုမိုနားလည်စေရန် ရည်ရွယ်ပြီး "Aquarius Day" ဖိုရမ် ကျင်းပ။**

- **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာဗလာဒီမာစတပ်ပါနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့။**




Aquarius နည်းပညာ ကုမ္ပဏီမှ မစ္စတာ ဗလာဒီမာ စတပ်ပါနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံနေမှု

## ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လက်ခံတွေ့ဆုံနေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ကို နိုဝင်ဘာလ ၂၉ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့၌ အသီးသီးလက်ခံတွေ့ဆုံခဲ့ပါသည်။

- **ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင်** မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ



**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar  အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံနေမှု**

နယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင်** မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ၂၀၂၃ ခုနှစ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျန်းရှီပြည်နယ်၊ နန်ချန်းမြို့၌ နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် ၂၀၂၃ ခုနှစ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အကြိုအစည်းအဝေးအား နိုဝင်ဘာလ ၂၉ ရက်တွင်ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ ကျန်းရှီပြည်နယ် အုပ်ချုပ်ရေးမှူး ရဲ့ကျန်းချန်း၊ Shanghai Cooperation Organization အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား တိုင်းရင်းဆေးပညာရပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များ၊ တိုင်းရင်းဆေးဝါးများ အရည်အသွေးကောင်းမွန်စေရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၃၀ ရက်တွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ကျန်ကျူးခေတ်မီတရုတ်တိုင်းရင်းဆေးဝါးထုတ်လုပ်မှုစက်ရုံနှင့် ပြခန်းသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက တရုတ်တိုင်းရင်းဆေးဝါးများကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်နေမှု၊ အရည်အသွေးစစ်ဆေးနေမှုနှင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖြန့်ဖြူးရောင်းချနေမှုတို့ကို လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

ထို့နောက် ဖိုရမ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်မိန့်ခွန်းပြောကြားခဲ့ရာတွင်-

- တိုင်းရင်းဆေးပညာဆိုင်ရာ မူပိုင်ခွင့်များကို ကာကွယ်ရန်နှင့် တိုင်းရင်းဆေးများကို တာဝန်သိသိ၊ ကျင့်ဝတ်သိက္ခာရှိရှိ သုံးစွဲကြောင်း သေချာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။




- တိုင်းရင်းဆေးထုတ်ကုန်များ၏ ဘေးကင်းမှုနှင့် အရည်အသွေးကို သေချာစေရန်အတွက် နိုင်ငံတကာစံနှုန်းများကိုလိုက်နာကာ ကုန်ကြမ်းနှင့် ဖြည့်စွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ပြုချက်များကို ကြီးကြပ်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျန်းစုဆေးဝါးထုတ်လုပ်မှုစက်ရုံ၊ တရုတ်တိုင်းရင်းဆေးကုသခန်းများ၊ တရုတ်တိုင်းရင်းဆေးဝါးပြခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘတ်ကစ္စတန်နိုင်ငံ အစရှိသည်တို့ ပါဝင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ အာဖဂန်နစ္စတန်၊ ဘီလာရုစ်၊ မွန်ဂိုလီးယား အစရှိသည်တို့ပါဝင်သည့် လေ့လာသူနိုင်ငံများ၊ မြန်မာ၊ ဘာရိန်း၊ ကူဝိတ်၊ ကမ္ဘောဒီးယားနိုင်ငံ အစရှိသည်တို့ပါဝင်သည့် ဆွေးနွေးဖက်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားခဲ့ကြပြီး ဖိုရမ်တွင် တိုင်းရင်းဆေးဝါး အရည်အသွေးကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု ဆန်းသစ်တီထွင်ရေးဆိုင်ရာကိစ္စရပ်များနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ မူပိုင်ခွင့်ကာကွယ်ခြင်းကိစ္စရပ်များအား အဓိကဆွေးနွေးခဲ့ကြကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁၂-၂၀၂၃)**

- **ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အကြိုအစည်းအဝေးတွင် တိုင်းရင်းဆေးပညာရပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်ရေးကိစ္စရပ်များ၊ တိုင်းရင်းဆေးဝါးများ အရည်အသွေးကောင်းမွန်စေရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**
- **တိုင်းရင်းဆေးပညာဆိုင်ရာ မူပိုင်ခွင့်များကို ကာကွယ်ရန်နှင့် တိုင်းရင်းဆေးများကို တာဝန်သိသိ၊ ကျင့်ဝတ်သိက္ခာရှိရှိ သုံးစွဲကြောင်း သေချာစေရန် ဆောင်ရွက်ရမည်ဖြစ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် “အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင် ဆက်သွယ်မှုတိုးတက်ရေးနှင့် သာယာဝပြောမှုမျှဝေရေးဖိုရမ်” တက်ရောက်




အာဆီယံ-တရုတ်စင်တာမှကြီးမှူး၍ **“အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေးနှင့် သာယာဝပြောမှုမျှဝေရေးဖိုရမ်”** အစီအစဉ်ကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့နှင့် လွှန်ပရာဘန်မြို့တို့၌ နိုဝင်ဘာလ ၂၆ ရက်မှ ၂၉ ရက်အထိကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အာဆီယံပေါင်းစည်းမှုဆိုင်ရာမဟာစီမံကိန်း ၂၀၂၅ အနေဖြင့် အာဆီယံနိုင်ငံများအကြား စဉ်ဆက်မပြတ် ရေရှည်တည်တံ့သည့် အခြေခံအဆောက်အဦများဖြစ်ပေါ်လာရေး၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် တီထွင်ကြံဆမှုများ တိုးတက်လာရေးနှင့် ပို့ဆောင်ဆက်သွယ်မှုလွယ်ကူစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းနိုင်ငံသားများအချင်းချင်း ဆက်သွယ်ပေါင်းစည်းခြင်းတို့ကို မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ပြီး တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်လာစေကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၉ ရက် မွန်းလွဲပိုင်းတွင် လွှန် ပရာဘန်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၂-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့နှင့် လွှန်ပရာဘန်မြို့ တို့၌ ကျင်းပခဲ့သည့် “အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေးနှင့် သာယာဝပြောမှုမျှဝေရေးဖိုရမ်” သို့ တက်ရောက်ခဲ့။**

# မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးတက်ရောက်



အာဆီယံဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption – ASEAN-PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Landmark Mekong Riverside Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

- နိုဝင်ဘာလ ၂၉ ရက်တွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အများပြည်သူဆိုင်ရာ အသိပညာပေးမှုနှင့် အများပြည်သူမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့။
- မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့တို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့။
- လာအိုနိုင်ငံအစိုးရ စုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ (State Inspection Authority – SIA) ဥက္ကဋ္ဌ H.E. Mr.Khamphanh P HOMMATHATH ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ထိုင်းဘုရင့်နိုင်ငံ အမျိုးသားအဂတိလိုက်စားမှုဆန့်ကျင်ရေးကော်မရှင် (National Anti-Corruption Commission-NACC) မှ Deputy Secretary- General Mr.Prateep Juthasron ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်းတွေ့ဆုံ၍ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

နိုဝင်ဘာလ ၃၀ ရက်တွင် ASEAN-PAC E-Booklet မူကြမ်းနှင့် လွှင့်တင်ရေးကိစ္စရပ်များဆွေးနွေးခြင်း၊ ASEAN-PAC ၏ ဆက်သွယ်ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်များ စာရင်းအား အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁၂-၂၀၂၃)**

- **မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး သို့ တက်ရောက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အများပြည်သူမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့။**

# ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် ဒဿမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပပြုလုပ်



နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားအား ဒဿမကြိမ်မြောက်အဖြစ် ဒီဇင်ဘာလ ၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်) ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဂါရဝပြုဆုတောင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအသင်း၊ ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြပါသည်။

အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုခြင်း၊ တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မီးပုံးပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များ လွှတ်ခြင်းနှင့် ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၂-၂၀၂၃)**

- **တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားအား ဒဿမကြိမ်မြောက်အဖြစ် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်) ၌ ကျင်းပပြုလုပ်ခဲ့။**

**ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် ဒဿမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြု ဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**







# မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ ပြောကြားခဲ့ရာတွင်-

- တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များသည် မြန်မာနိုင်ငံ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ပူးပေါင်းရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့မှု၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီး သွားခဲ့မှုအခြေအနေများ။
- တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ အစိုးရချင်း၊ တပ်မတော်ချင်း ဆက်ဆံရေးခိုင်မြဲအောင်မြင်လျက်ရှိသည့်အခြေအနေများ။
- မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ဒီဇင်ဘာလ ၃ ရက်အထိ စုစုပေါင်း ၁၀,၉၅၂ ဦးကို လွှဲပြောင်းပြီးဖြစ်သည့်အခြေအနေများ။
- တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အနောက်နိုင်ငံအားပေး၊ အထောက်အပံ့ယူထားသည့်မီဒီယာများမှ နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားလာအောင် ဝေဖန်တိုက်ခိုက်နေသည့်အခြေအနေများ။
- ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် အချိန်မီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သော်လည်း AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွက် ကောင်းရာကောင်းကျိုး လုပ်ဆောင်ပေးခဲ့ဖူးခြင်းမရှိသည့် အခြေအနေများ။
- ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးစခန်းများ၊ မြို့ရွာများကို AA အဖွဲ့က အကြောင်းမဲ့တိုက်ခိုက်ခဲ့ခြင်းများသည် ၎င်းတို့အဖွဲ့ပြောနေသည့် ရခိုင်ပြည်နယ်လွတ်မြောက်ရေးအတွက် လုပ်ဆောင်နေသည်မှာ ဟုတ်ပါ့မလားဟု သေချာလေးနက်စွာ စဉ်းစားကြရန်လိုအပ်သည့် အခြေအနေများ။
- နိုဝင်ဘာလ ၂၉ ရက်တွင် ငြိမ်းချမ်းရေးကို လိုလားသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ကြားဝင်ညှိ

နိုင်းပေးသည့်အဖွဲ့များကြောင့် ဖမ်းဆီးခြင်းခံရသည့် လှိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား ၁၉၃ ဦး ထပ်မံလွတ်မြောက်လာခဲ့မှုနှင့် လွတ်မြောက်ရန် ကျန်ရှိသေးသည့် ၁၁ ဦးကိုလည်း ဆက်လက်ကြိုးပမ်းသွားမည့်အခြေအနေများ။

- ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နန်းခမ်း၊ တာမိုးညဲ၊ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကျောက်မဲမြို့ရှိ Toll Gate အနီး၊ လောက်ကိုင်ဒေသများ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တန့်ဆည်ရဲစခန်းနှင့် ထီးချိုင့်မြို့ရှိ နေရာခုနစ်နေရာခန့်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် မုန်းဒေသတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ပေါက်တော အထက်တန်းကျောင်းနှင့် ထရွန်အိုင်စခန်းကိုလည်းကောင်း၊ ကယားပြည်နယ်တွင် မိုးဗြဲနေရာတစ်ဝိုက်၊ လှိုင်ကော်ပြည်နယ်ရဲတပ်ဖွဲ့ရုံးနှင့် လှိုင်ကော်အထက်တန်းကျောင်းကိုလည်းကောင်း၊ ကရင်ပြည်နယ်တွင် ကော့ကရိတ်မြို့၏ နေရာရှစ်နေရာကိုလည်းကောင်း အကြမ်းဖက်သောင်းကျန်းသူများ လာရောက်တိုက်ခိုက်ခဲ့ရာ ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိသည့်အခြေအနေများ။
- ထိတွေ့တိုက်ပွဲများတွင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကျဆုံးထိခိုက်ဒဏ်ရာ ရရှိမှုများပြားသည့်အခြေအနေများ၊ ကော့ကရိတ်မြို့ကိုလာရောက်တိုက်ခိုက်ခဲ့သည့် ရန်သူများကို တပ်မတော်က ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ရာ ရန်သူများ ထိခိုက်ကျဆုံးမှုများပြားပြီး တချို့လူနာများကို တစ်ဘက်နိုင်ငံအထိပို့၍ ဆေးကုသမှု ခံယူနေရသည့်အခြေအနေများ။
- ကျောက်မဲမြို့ရှိ ဒေသခံပြည်သူများသည် တိုက်ပွဲဖြစ်ပွားမှုကြောင့် ခေတ္တရှောင်တိမ်းနေရာမှ မြို့ထဲကိုပြန်လည်ရောက်ရှိခဲ့ရာ အပုပ်နံ့များရရှိသောကြောင့် လိုက်လံရှာဖွေသည့်အခါ တရုတ်သင်္ချိုင်းအနီး သေဆုံးနေသော TNLA၊ KIA ၊ MNDAA ၊ PDF တံဆိပ်ပါရှိသော အလောင်းပေါင်းမြောက်များစွာ တွေ့ရှိခဲ့ရပြီး မြို့နယ်လူထုက လုံခြုံရေးတပ်ဖွဲ့များဖြင့် ပူးပေါင်းရှင်းလင်းခဲ့ရသည့် အခြေအနေများနှင့် မောင်ဖုန်းတောင်အဆင်းလမ်း၌လည်း အဆိုပါအဖွဲ့များ၏ ယူနီဖောင်းပါရှိသည့် အလောင်းများ တွေ့ရှိခဲ့ရမှုအခြေအနေများ။
- လားရှိုးမြို့နှင့် သီပေါမြို့ကြား ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်မှ စဥ့်အင်တံတားကို TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲတိုက်ခိုက်ခဲ့သည့်အခြေအနေများ။
- အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီး မန္တလေး-မူဆယ် လမ်းပိုင်းရှိ လမ်းတံတားများကို သွားလာရခက်ခဲစေရန် ဖျက်ဆီးခဲ့မှု၊ MNDAA အနေဖြင့် လောက်ကိုင်သို့ သွားရောက်အလုပ် လုပ်ကိုင်နေသည့်လူများအနက်မှ အရွယ်ကောင်းများကို ပြန်လွှတ်မပေးဘဲ ဖမ်းဆီးခေါ်ဆောင်ကာ စစ်သားစုဆောင်းနေသည့်အခြေအနေများ။
- အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဦးသန်းထွန်းကို ရန်ကုန်မြို့တွင် PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သတ်ဖြတ်ခဲ့မှု၊ NUG PDF အဖွဲ့များအနေဖြင့် နေရာမျိုးစုံ၊ မီဒီယာမျိုးစုံမှတစ်ဆင့် ၎င်းတို့နှင့် အတွေးအခေါ် မတူသူမှန်သမျှကို ဆန့်ကျင်သတ်ဖြတ်ရန် အမြဲတမ်းလှုံ့ဆော်နေသည့်အခြေအနေများ။
- အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်သူပိုင်အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး အဆောက်အအုံများကို အကာအကွယ်ယူ၍ တပ်မတော်ကို ပစ်ခတ်တိုက်ခိုက်လျက်ရှိရာ တပ်မတော်မှ ပြန်လည်တိုက်ခိုက်ပါက စစ်ရေးနှင့် မသက်ဆိုင်သည့် စာသင်ကျောင်းများ၊ ဆေးရုံများကို ပစ်ခတ်တိုက်ခိုက်နေကြောင်း ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများ လုပ်ကြံသတင်းများ ဖန်တီးလုပ်ဆောင်လျက်ရှိသည့်အခြေအနေများ။
- စစ်ရေးဆိုင်ရာဥပဒေများအရ တပ်မတော်အနေဖြင့် အရပ်ဘက်အဆောက်အအုံတစ်ခုဟု သတ်မှတ်ထားသောနေ

ရာမှ ရန်သူသည် မိမိတို့အား ပစ်ခတ်လာပါက စစ်ဘက်ဆိုင်ရာအဆောက်အအုံအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည့် အခြေအနေများ။

- ရှမ်းပြည်နယ်(အရှေ့မြောက်)ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများနှင့် အနောက်နိုင်ငံမှ ထောက်ပံ့ပေးထားသည့် မီဒီယာများက တရုတ်-မြန်မာ နှစ်နိုင်ငံအကြား အထင်အမြင်လွဲမှားစေ၍ ပဋိပက္ခများဖြစ်ပွားအောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော်နေသည့်အခြေအနေများ။

- ပြည်ပတွင်နေထိုင်လျက်ရှိသည့် တိုင်းဖျက်ပြည်ဖျက် ဆန့်ကျင်ရေးသမားများ၊ အနောက်နိုင်ငံမှ ထောက်ပံ့ပေးထားသည့် မီဒီယာများ၏ မြှောက်ပင့်မှု၊ ကောလာဟလများကြောင့် မြန်မာနိုင်ငံတွင် သေဆုံးရသူ မနည်းလှသည့် အခြေအနေများ။

- နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ ရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်ထောင်စုစနစ်ကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို မလွဲမသွေလျှောက်လှမ်း တည်ထောင်သွားမှာဖြစ်သည့် အခြေအနေများ။

နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်သွားရန် တာဝန်ရှိပြီး စုစည်းညီညာစွာ လုပ်ဆောင်သွားရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၂-၂၀၂၃)**

- **တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ အစိုးရချင်း၊ တပ်မတော်ချင်း ဆက်ဆံရေးခိုင်မြဲအောင်မြင်လျက်ရှိ။**
- **ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးစခန်းများ၊ မြို့ရွာများကို AA အဖွဲ့က အကြောင်းမဲ့ တိုက်ခိုက်ခဲ့ခြင်းများသည် ၎င်းတို့အဖွဲ့ပြောနေသည့် ရခိုင်ပြည်နယ်လွတ်မြောက်ရေးအတွက် လုပ်ဆောင်နေသည်မှာ ဟုတ်ပါ့မလားဟု သေချာလေးနက်စွာ စဉ်းစားကြရန်လိုအပ်။**
- **MNDAA အနေဖြင့် လောက်ကိုင်သို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် လူများအနက်မှ အရွယ်ကောင်းများကို ပြန်လွှတ်မပေးဘဲ ဖမ်းဆီးခေါ်ဆောင်ကာ စစ်သားစုဆောင်းနေ။**
- **စစ်ရေးဆိုင်ရာဥပဒေများအရ တပ်မတော်အနေဖြင့် အရပ်ဘက်အဆောက်အအုံတစ်ခုဟု သတ်မှတ်ထားသောနေရာမှ ရန်သူသည် မိမိတို့အား ပစ်ခတ်လာပါက စစ်ဘက်ဆိုင်ရာအဆောက်အအုံအဖြစ် ပြောင်းလဲသွားမည်ဖြစ်။**
- **ရှမ်းပြည်နယ်(အရှေ့မြောက်)ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများနှင့် အနောက်နိုင်ငံမှ ထောက်ပံ့ပေးထားသည့် မီဒီယာများက တရုတ်-မြန်မာ နှစ်နိုင်ငံအကြား အထင်အမြင်လွဲမှားစေ၍ ပဋိပက္ခများဖြစ်ပွားအောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော်နေခြင်းဖြစ်။**
- **ပြည်ပတွင်နေထိုင်လျက်ရှိသည့် တိုင်းဖျက်ပြည်ဖျက်ဆန့်ကျင်ရေးသမားများ၊ အနောက်နိုင်ငံမှ ထောက်ပံ့ပေးထားသည့် မီဒီယာများ၏ မြှောက်ပင့်မှု၊ ကောလာဟလများကြောင့် မိမိတို့မြန်မာနိုင်ငံတွင် သေဆုံးရသူ မနည်းလှ။**
- **နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ ရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်ထောင်စုစနစ်ကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို မလွဲမသွေလျှောက်လှမ်းတည်ထောင်သွားမှာဖြစ်။**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေ)မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ပြီး ပြန်လည်ထွက်ခွာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ) 44th PLA Navy Escort Task Group (ETG) မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo နှင့် ဖရီးဂိတ် စစ်ရေယာဉ် Jing Zhou တို့သည် ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များတွင်လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ သန်လျင်တပ်နယ်အားကစားခန်းမတွင် နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများယှဉ်ပြိုင်ကစားခြင်း၊ သန်လျင်တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဆိပ်ကြီး)၌ စာရေးကိရိယာလှူဒါန်းခြင်း၊ တပ်မတော် (ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)အား သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တပ်မတော်(ရေ) မှ စစ်ရေယာဉ်များနှင့်အတူ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေးလေ့ကျင့်ခန်းများ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားခဲ့ပါသည်။

အဆိုပါစစ်ရေယာဉ်များသည် ဒီဇင်ဘာလ ၂ ရက်တွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်ပူးပေါင်းပြီး ရဲတံခွန်ရေနံမြေ၏ မြောက်ဘက် တနင်္သာရီကမ်းရိုးတန်း ပင်လယ်ပြင်တွင် လေ့ကျင့်ခန်းများဆောင်ရွက်ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁၂-၂၀၂၃)**

- **တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များသည် တပ်မတော် (ရေ) မှ စစ်ရေယာဉ်များနှင့်အတူ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေးလေ့ကျင့်ခန်းများ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့။**



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်များ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) သို့ ကြည့်ရှုလေ့လာနေမှု





တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေ)နှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ သန်လျင်တပ်နယ်အားကစားခန်းမတွင် နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများယှဉ်ပြိုင်ကစားနေမှု





တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေ)မှ ကိုယ်စားလှယ်များနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးနေမှု

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိရာ ဒီဇင်ဘာလ ၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့အတွင်းရှိ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူအင်အား (၂,၀၀၀) ခန့်သည် တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA နှင့် PDF အမည်ခံအကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ထို့နောက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကိုသံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကိုဖွင့်လှစ်ခဲ့ပြီး အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ရှင်းလင်းဟောပြောခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၂-၂၀၂၃)**

- **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့အတွင်းရှိ ငြိမ်းချမ်းရေးကိုလိုလားသည့် သံဃာတော်များနှင့် ပြည်သူအင်အား (၂,၀၀၀) ခန့်သည် တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA နှင့် PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ကျင်းပပြုလုပ်ခဲ့။**

# တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ် စတုတ္ထအကြိမ်အဖြစ် အိန္ဒိယနိုင်ငံသို့ သင်တန်းသား ၄၀ စေလွှတ်




အိန္ဒိယနိုင်ငံ၊ မတ်ဒရာပရာဒက်ရှ်ပြည်နယ်၊ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေး အကယ်ဒမီ (National Judicial Academy-NJA) တွင် ဒီဇင်ဘာလ ၄ ရက်မှ ၇ ရက်အထိ စတုတ္ထအကြိမ်မြောက်အဖြစ်ဖွင့်လှစ်မည့် "တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်"သို့ တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် တရားရုံးအဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ တရားရေးအရာရှိများပါဝင်သည့် သင်တန်းသား ၄၀ သည် ဒီဇင်ဘာလ ၂ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့ပါသည်။

အဆိုပါ သင်တန်းအစီအစဉ်သည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှတရားသူကြီးများနှင့် တရားရေးအရာရှိများကို အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ အရစေလွှတ်ခြင်းဖြစ်ပြီး ယခုစတုတ္ထအကြိမ်သင်တန်းအပါအဝင် စုစုပေါင်းသင်တန်းသား ၁၆၀ စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁၂-၂၀၂၃)**

- **ဒီဇင်ဘာလ ၄ ရက်မှ ၇ ရက်အထိ အိန္ဒိယနိုင်ငံတွင် စတုတ္ထအကြိမ်မြောက်အဖြစ် ဖွင့်လှစ်မည့် "တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်"သို့ တရားသူကြီးများ၊ တရားရေးအရာရှိ သင်တန်းသား ၄၀ စေလွှတ်၊ ယခုစတုတ္ထအကြိမ်သင်တန်းအပါအဝင် စုစုပေါင်းသင်တန်းသား ၁၆၀ စေလွှတ်ခဲ့ပြီးဖြစ်။**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ-

- နိုဝင်ဘာလ ၂၉ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၂၁၁ ဦး၊ အမျိုးသမီး ၅၁ ဦး၊ စုစုပေါင်း ၂၆၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- နိုဝင်ဘာလ ၃၀ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၈၂ ဦး၊ အမျိုးသမီး ၃၀ ဦး၊ စုစုပေါင်း ၂၁၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ဒီဇင်ဘာလ ၁ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၁၂ ဦး၊ စုစုပေါင်း ၁၃၅ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ဒီဇင်ဘာလ ၂ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၂၅၈ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၂၆၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ဒီဇင်ဘာလ ၃ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၅၈ ဦး၊ အမျိုးသမီး ၁၀ ဦး၊ စုစုပေါင်း ၁၆၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၇၅၅ ဦး၊ အမျိုးသမီး ၁၁၉၇ ဦး၊ စုစုပေါင်း ၁၀,၉၅၂ ဦး တို့ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၂-၂၀၂၃)**

- နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ တရုတ်နိုင်ငံသားအမျိုးသား ၉၃၂ ဦး၊ အမျိုးသမီး ၁၁၂ ဦး၊ စုစုပေါင်း ၁,၀၄၄ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၇၅၅ ဦး၊ အမျိုးသမီး ၁၁၉၇ ဦး၊ စုစုပေါင်း ၁၀,၉၅၂ ဦးတို့ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့။

## ရေစကြိုမြို့နယ်၊ ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ဆင်မရဲ) မှ အထက်တန်းပြဆရာမတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်




ဆရာမ ဒေါ်မာစီအား PDF အကြမ်းဖက်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့သည့် နေရာပြမြေပုံ

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် ရဟန်းသံဃာများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ အကြောက်တရားလွှမ်းမိုးစေရန် ၎င်းတို့နှင့် အမြင်အယူအဆမတူသူများအား "သူလျှို၊ သတင်းပေး၊ ဒလန်" ဟုစွပ်စွဲ၍ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ဆင်မရဲ) တွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသည့် အောင်ပန်းချောင်းကျေးရွာနေ ဒေါ်မာစီသည် ၎င်း၏ အစ်မဖြစ်သူ ဒေါ်မာသီနှင့် သမီးဖြစ်သူ မနှင်းမာလာအောင်တို့နှင့်အတူ နေအိမ်၌ရှိနေစဉ် နိုဝင်ဘာလ ၂၈ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမား ၃၀ ဦးခန့် ရောက်ရှိလာပြီး ဆရာမဖြစ်သူ ဒေါ်မာစီအား ကျေးရွာ၏ အရှေ့ဘက်မီတာ ၁၅၀ ခန့်အကွာရှိ စက်လှေဆိပ်သို့ လက်ပြန်ကြိုးတုပ်၍

ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့ကြောင်းနှင့် အကြမ်းဖက် သ မားများသည် ကျေးရွာ၏ မြောက်ဘက်သို့ ပြန်လည်ထွက်ခွာ သွားခဲ့ပါသည်။

ယခုကဲ့သို့ အနာဂတ်ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ဆရာမဖြစ်သူအား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁၂-၂၀၂၃)**



**PDF အကြမ်းဖက်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့သည့် ဆရာမ ဒေါ်မာစီ**

- **ရေစကြိုမြို့နယ်၊ ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ဆင်မရဲ) တွင် အထက်တန်းပြဆရာမ အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒေါ်မာစီအား PDF အမည်ခံအကြမ်းဖက်သမား ၃၀ ဦးခန့်က လက်ပြန်ကြိုး တုပ်၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့။**

## AA အကြမ်းဖက်အဖွဲ့က မြောက်ဦးမြို့နယ်အတွင်းရှိ ရုံး/ဌာနပိုင် မော်တော်ယာဉ်များအား အတင်းအဓမ္မလာရောက်ယူဆောင်

အကြမ်းဖက်သမားများအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်သားများနေထိုင်ရာ ရပ်ကွက်များ၊ မြို့၊ ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိကအဆောက်အဦများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ အများပြည်သူအသုံးပြုသွားလာလျက်ရှိသည့်လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်းများအား အဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများအားလည်း အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်း စသည်ဖြင့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ AA အကြမ်းဖက်အဖွဲ့သည်-

- နိုဝင်ဘာလ ၂၆ ရက်တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ထမ္မရာဇ်ရပ်ကွက်ရှိ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ ဌာနပိုင်မော်တော်ယာဉ် ၂ စီးအားလည်းကောင်း။
- နိုဝင်ဘာလ ၂၈ ရက်တွင် မြောက်ဦးမြို့၊ အလယ်ဈေးရပ်ကွက်ရှိ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်စီမံခန့်ခွဲရေးရုံးရှိ ဌာနပိုင်မော်တော်ယာဉ် ၃ စီးတို့အားလည်းကောင်း။
- နိုဝင်ဘာလ ၂၉ ရက်တွင် မြောက်ဦး-စစ်တွေကားလမ်းမကြီးဘေးရှိ မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် မော်တော်ယာဉ် ၂ စီးအားလည်းကောင်း။

- နိုဝင်ဘာလ ၃၀ ရက်တွင် မြောက်ဦးမြို့ ခရိုင်သာသနာရေးဝန်ကြီးဌာနပိုင် မော်တော်ယာဉ် ၁ စီးနှင့် ခရိုင်ရွေးကောက်ပွဲရုံးရှိ ဌာနပိုင်မော်တော်ယာဉ် ၁ စီးတို့အားလည်းကောင်း၊ စုစုပေါင်းမော်တော်ယာဉ် ၉ စီးအား လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ အတင်းအဓမ္မလာရောက်ယူဆောင်ခဲ့။

AA အကြမ်းဖက်အဖွဲ့များအနေဖြင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံတော်ပိုင်ပစ္စည်းများအား ယခုကဲ့သို့ အတင်းအဓမ္မ လာရောက်ယူဆောင်ခြင်းဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၂-၂၀၂၃)**

- **AA အကြမ်းဖက်အဖွဲ့များသည် နိုဝင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အထိ မြောက်ဦးမြို့နယ်အတွင်းရှိ ရုံး/ဌာနပိုင် မော်တော်ယာဉ် ၉ စီးအား လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ အတင်းအဓမ္မယူဆောင်သွားခဲ့။**
- **AA အကြမ်းဖက်အဖွဲ့များအနေဖြင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံတော်ပိုင်ပစ္စည်းများအား ယခုကဲ့သို့ အတင်းအဓမ္မလာရောက်ယူဆောင်ခြင်းဖြစ်။**

## အကြမ်းဖက်သမားများက ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ







တရားမဝင် ပြည်ပဖျက်မီဒီယာများမှ နိုင်ငံတွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူမှုများဖြစ်လာစေရန်အတွက် ကဏ္ဍပေါင်းစုံတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးရေးသားလျက်ရှိသည့်အပြင် တပ်မတော်နှင့် ပြည်သူများအကြား သွေးကွဲစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် တပ်မတော်အား အထင်အမြင်လွဲမှားစေရန်အတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ သွေးခွဲသပ်လျှိုလျက်ရှိပါသည်-

- ရခိုင်ပြည်နယ်အတွင်း စစ်တပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများသေဆုံးခဲ့ ဟူသည့်သတင်းသည် မှန်ကန်မှုမရှိဘဲ တပ်မတော်အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်







ရေးတို့အတွက် အကြမ်းဖက်သမားများကို ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းနှင့်အညီ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပြီး ပြည်သူများနေထိုင်ရာနေရာများသို့ မည်သည့်အခါမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းသာရှိကြောင်း။

- မြိတ်မြို့နှင့် ထားဝယ်မြို့တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားများကို အစစ်ဆေးမရှိ ဖမ်းဆီးမှုများ ပြုလုပ်နေဟူသည့်သတင်းမှာ လုပ်ကြံသတင်းဖြစ်ကြောင်း။

- မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့၌ အဓမ္မလူသစ်စုဆောင်းခံရသည့် လူငယ်တစ်ဦးအား ငွေကြေးဖြင့် ပြန်ရွေးခဲ့ရသည်ဟူသည့်သတင်းမှာ မဟုတ်မမှန်လုပ်ကြံသတင်းသာဖြစ်ပြီး သတင်းအမှန်မှာ တောင်သာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ မသင်္ကာဖွယ်အမျိုးသားတစ်ဦးမှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးအရ ခေါ်ယူစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မိခင်မှ ပြန်လည်ခေါ်ဆောင်သွားခဲ့ခြင်းသာဖြစ်။

- ညောင်လေးပင်၊ ပုဇွန်မြောင်းရွာမှ လျှပ်စစ်မီးကြိုးများအား တပ်မတော်က ဖြုတ်ယူရောင်းစားနေကြောင်း၊ လျှပ်စစ်မီးကြိုးများ မရှိသလောက်ဖြစ်နေ၍ ကျေးရွာအတွင်း မီးလင်းခြင်းမတွေ့ရ ဟူသည့်သတင်းမှာ သတင်းအတု၊ သတင်းအမှားသာဖြစ်ပြီး အဆိုပါကျေးရွာ၌ လွန်ခဲ့သည့် ၃ လခန့်က အကြမ်းဖက်သမားများမှ ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးနေရာအချို့ ပြတ်တောက်ခဲ့ပြီး မီးမရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရ။

- မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကင်းပုန်းဝပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား မိုင်း ၃ လုံးဖြင့် တိုက်ခိုက်ခဲ့ ဟူသည့်သတင်းမှာ လုပ်ကြံသတင်းအမှားသာဖြစ်ပြီး အဆိုပါကျောင်းတွင် တပ်မတော်မှ ဝင်ရောက်တပ်စွဲထားခြင်းမရှိသလို မိုင်းပေါက်ကွဲမှုလည်းမရှိကြောင်း သိရှိရ။

- ရန်ကုန်တိုင်းလွှတ်တော်အနီး ဗုံးပေါက်ကွဲသည့်သတင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အတွင်းနှင့် တောင်ငူလေတပ်အတွင်းသို့ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့် သတင်းစသည့် အခြေအမြစ်မရှိသော သတင်းတုသတင်းမှားများအား ခေတ်သစ်မီဒီယာမှ လုပ်ကြံဖန်တီးဖြန့်ဝေလျက်ရှိရာ အဆိုပါရေးသားထားသည့် သတင်းများသည် မဟုတ်မမှန်ကောလာဟလသတင်းများသာဖြစ်ကြောင်း သိရှိရ။







- ရေတာရှည်နှင့် ဝေါမြို့နယ်တို့တွင် ပြည်သူ့စစ်များ လူသစ်ရှာနေသည်ဟူသည့် သတင်းသည် မဟုတ်မမှန်လုပ်ကြံသတင်းသာဖြစ်ပြီး ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ မြို့၊ ရွာများကို စောင့်ရှောက်လိုစိတ်များဖြင့် တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းကာကွယ်နေခြင်းသာဖြစ်။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လိုသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အကြမ်းဖက်မှုလုပ်ရပ်များကို အားပေးလှုံ့ဆော်နေသည့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ စိုးရိမ်ထိတ်လန့်စေရန် အဆိုပါ ကောလာဟလသတင်းများ ရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၂-၂၀၂၃)**

- **ရခိုင်ပြည်နယ်အတွင်း စစ်တပ်ကလက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများသေဆုံးခဲ့ဟူသည့် သတင်းသည် သတင်းအမှားဖြစ်ပြီး တပ်မတော်အနေဖြင့် ပြည်သူများနေထိုင်ရာနေရာများသို့ မည်သည့်အခါမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းမရှိ။**
- **မြိတ်မြို့နှင့် ထားဝယ်မြို့တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားများကို အစစ်ဆေးမရှိ ဖမ်းဆီးမှုများ ပြုလုပ်နေဟူသည့်သတင်းမှာ လုပ်ကြံသတင်းဖြစ်။**
- **တောင်သာမြို့၌ အဓမ္မလူသစ်စုဆောင်းခံရသည့် လူငယ်တစ်ဦးအား ငွေကြေးဖြင့် ပြန်ရွေးခဲ့ရသည်ဟူသည့် သတင်းမှာ မဟုတ်မမှန် လုပ်ကြံသတင်းသာဖြစ်။**
- **ညောင်လေးပင်၊ ပုဗ္ဗန်မြောင်းရွာမှ လျှပ်စစ်မီးကြိုးများအား တပ်မတော်က ဖြုတ်ယူရောင်းစားနေဟူသည့် သတင်းမှာ သတင်းအတု၊ သတင်းအမှားသာဖြစ်။**
- **မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကင်းပုန်းဝပ်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များအား မိုင်း ၃ လုံးဖြင့် တိုက်ခိုက်ခဲ့ ဟူသည့်သတင်းမှာ လုပ်ကြံသတင်းအမှားသာဖြစ်။**
- **ရန်ကုန်တိုင်းလွှတ်တော်အနီး ဗုံးပေါက်ကွဲသည့်သတင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အတွင်းနှင့် တောင်ငူ လေတပ်အတွင်းသို့ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့် သတင်းများသည် သတင်းတုသတင်းမှားဖြစ်။**
- **ရေတာရှည်နှင့် ဝေါမြို့နယ်တို့တွင် ပြည်သူ့စစ်များ လူသစ်ရှာနေသည်ဟူသည့် သတင်းသည် မဟုတ်မမှန် လုပ်ကြံသတင်းသာဖြစ်။**